"၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ချုပ်ဆိုထားသော
**Used Hitachi Excacator ZX350H-3F (1)Unit**
စက်ယန္တရား အငှားရောင်းစာချုပ်၏ နောက်ဆက်တွဲစာချုပ်"

ပစ္စည်းအာမခံထားခြင်းကို လက်ခံသူ ။ ။ ဒေါ်ခင်မာသီ (ဘ) ဦးပန်းမြိုင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၆/ထဝန(နိုင်)၁၀၂၈၂၀
(for and on behalf of Chysanthemum Wealth Co., Ltd.)
အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

ပစ္စည်းအာမခံထားရှိသူ ။ ။ ဦးချမ်းမြေ့ထွန်း (ဘ) ဦးထွန်းချစ်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် – ၁၄/ပသန(နိုင်)၁၅၆၉၈၅
လိပ်စာ–အမှတ်(၅)အုပ်စု၊ အမှတ်(၆)ကျေးရွာ၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။
ဖုန်း–၀၉–၆၉၃၄၅၇၀၇၆။

(အထက်ဖော်ပြပါ ပစ္စည်းအာမခံထားခြင်းကိုလက်ခံသူဟုဆိုရာ၌လည်းကောင်း၊ ပစ္စည်းအာမခံထားရှိသူဟုဆိုရာ၌လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့အသီးသီး၏ အမွေစားအမွေခံများ၊ အမွေဆက်ခံခွင့်ရှိသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့်ကိုယ်စားပြုခံရသူများ၊ လွှဲပြောင်းခြင်းခံရသူများအားလုံး ပါဝင်သည်ဟုမှတ်ယူရမည်။)

၁။ စက်ယန္တရားအငှားရောင်းချသူနှင့် စက်ယန္တရားအငှားဝယ်ယူသူတို့အကြား ပြုလုပ်ချုပ်ဆိုခဲ့ကြသော Used Hitachi ZX350H-3F (1)Unit - စက်ယန္တရားအငှားရောင်း စာချုပ်အမှတ် (WL-HS-047/2024) အရ အငှားရောင်းချသူထံ အရစ်ကျပေးရန်ကျန်ရှိသောငွေအားလုံး တန်ဖိုးငွေကျပ်–၈၅,၈၀၀,၀၀၀/– အတွက် စက်ယန္တရားအငှားဝယ်ယူသူမှ ယင်း စက်ယန္တရားအငှားဝယ်ယူမှုအတွက် အာမခံပစ္စည်းအဖြစ် အောက်တွင် ဖော်ပြထားသည့် ပိုင်ဆိုင်မှုများအား Chysanthemum Wealth Co., Ltd. တွင် ထားရှိပါမည်ဟု ပစ္စည်း အာမခံထားရှိသူ ဦးချမ်းမြေ့ထွန်း မှ ကတိပြုပါသည်။

၂။ <u>အာမခံထားရှိမည့်ပစ္စည်းအမျိုးအစား</u>

- တနင်္သာရီတိုင်း၊မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်ကျေးရွာ၊ ကွင်းအမှတ်/အမည် (၁၀.OSS/သိန်ခွန်ကြေး/ပြင်)၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ (၀.၄၆)ဧကရှိ ဦးချမ်းမြေ့ထွန်း အမည်ပေါက် ဥယျာဉ်မြေ ပုံစံ (၇)နှင့် (၁၀၅) မူရင်း (၁)စုံ။

၃။ အထက်ဖော်ပြပါ အာမခံထားရှိသော ပိုင်ဆိုင်မှုများသည် အာမခံထားရှိသ မှ တရားဝင်ပိုင်ဆိုင်ထားပြီး အခြားအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း အာမခံထားသူမှ တာဝန်ယူပါသည်။ အာမခံထားရှိသူမှ အာမခံထားရှိမည့် ပိုင်ဆိုင်မှုများအား အာမခံအဖြစ်အပ်နှံသည့်ကာလမှာ အရစ်ကျငွေ နောက်ဆုံး ပေးသွင်းရမည့် (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ) ကာလအထိဖြစ်ကြောင်းနှင့် ယင်းငွေများအပြေအကြေ လက်ခံရရှိပြီးပါက အာမခံထားသော ပိုင်ဆိုင်မှုမူရင်းများအား ပစ္စည်းအားမခံထားရှိသူသို့ ပြန်လည်ပေးအပ်ရန် သဘောတူညီပါသည်။

စာမျက်နှာ(၂)သို့

၄။ စက်ယန္တရား အငှားဝယ်ယူသူသည် စက်ယန္တရားအရောင်းအဝယ် သဘောတူကတိပြုစာချုပ်တွင် အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများအပိုဒ်ခွဲ(ဈ)ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက စက်ယန္တရား အရောင်းအဝယ်သဘောတူကတိပြုစာချုပ်၏ နောက်ဆက်တွဲစာချုပ် အပိုဒ်(၂)တွင် အငှားဝယ်ယူသူမှ အာမခံ ပစ္စည်းအဖြစ်တင်သွင်းထားသည့် ယာမြေ (၀.၄၆)ဧက ကို အငှားဝယ်ယူသူမှ အငှားရောင်းချသူသို့ ပစ္စည်းနှင့်တကွ အာမခံပစ္စည်းကို အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အာမခံပစ္စည်းကို လက်ရောက်ပေးအပ်ရန် ဝန်ခံကတိ ပြုပါသည်။ ထို့အပြင် အငှားဝယ်ယူသူအား ဆက်သွယ်၍မရနိုင်သည်အထိ ဖြစ်ပေါ်လာပါက အငှားဝယ်ယူသူ အာမခံထားရှိသောပစ္စည်းအား အငှားရောင်းချသူမှ လက်ရောက်သိမ်းပိုက်နိုင်သည်ကို အငှားဝယ်ယူသူမှ သဘောတူပါသည်။

၅။ အထက်စာချုပ်ပါစကားရပ်များကို ပစ္စည်းအာမခံထားခြင်းကို လက်ခံသူနှင့် ပစ္စည်းအာမခံထားသူတို့ နှစ်ဦးနှစ်ဖက် ဖတ်ရှု၊ သိရှိနားလည်သဘောပေါက်ကြပါ၍ မည်သူတစ်ဦးတစ်ယောက်မျှ လိမ်လည်ဖြားယောင်းသွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ အောက်ဖော်ပြပါ အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပါသည်။

| <u>ပစ္စည်းအာမခံထားခြင်းကို လက်ခံသူ</u> | <u>ပစ္စည်းအာမခံထားရှိသူ</u> |
|---|---|
| ဒေါ်ခင်မာသီ (၆/ထဝန(နိုင်)၁၀၂၈၂၀) | ဦးချမ်းမြေ့ထွန်း (၁၄/ပသန(နိုင်)၁၅၆၉၈၅) |
| (for and on behalf of Chrysanthemum Co., Ltd.) | |

<u>အသိသက်သေများ</u>

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – ----------------------- |
| အမည် | – ရန်ငြိမ်းအောင် | အမည် | – ----------------------- |
| နသေအမှတ် | – | နသေအမှတ် | – ----------------------- |
| နေရပ် | – အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ | နေရပ် | – ----------------------- |
| | – ထားဝယ်မြို့၊ တနင်္သာရီတိုင်း။ | | – ----------------------- |